မြန်မာနိုင်ငံသားများဘဏ်

MCB

Myanmar Citizens Bank

# ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်သတ် နှစ်ကုန်ပိုင်းအထိ

# ငွေကြေးအခြေအနေနှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ ရလဒ်များအပေါ်

# စီမံခန့်ခွဲရေး၏ ဆွေးနွေးချက်၊ စိစစ်လေ့လာချက်များ

## စီမံခန့်ခွဲရေး၏ ဆွေးနွေးချက်နှင့် စိစစ်လေ့လာချက်များ (MD&A)

ယခုတင်ပြသည့် မြန်မာနိုင်ငံ့သားများဘဏ်လီမိတက် ("ကုမ္ပဏီ" သို့မဟုတ် "MCB") ၏ ငွေကြေး အခြေအနေ နှင့် လုပ်ငန်းဆောင်ရွက်ချက်များ၏ ရလဒ်များအပေါ် စီမံခန့်ခွဲရေး၏ ဆွေးနွေးချက်နှင့် စိစစ် လေ့လာချက်များ ("MD&A") အား ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက် နှစ်ကုန်ပိုင်းအထိ ပြုစုထား သော စစ်ဆေးပြီးဖြစ်သည့် ငွေစာရင်းရှင်းတမ်းအချုပ်နှင့် ဆက်စပ်ဖတ်ရှုရန်ဖြစ်သည်။ ဘဏ္ဍာနှစ် အသစ်၏ အကူးအပြောင်းကာလအတွက် စစ်ဆေးပြီးဖြစ်သည့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ (၃၀) ရက်သတ် ၆ လစာ ငွေကြေးအခြေအနေဖော်ပြချက်အပါအဝင် ကုမ္ပဏီဆိုင်ရာအချက်အလက်များသည် မြန်မာနိုင်ငံစာရင်းအင်း စံနှုန်းသတ်မှတ်ချက် (MAS) နှင့်အညီ ပြင်ဆင်ထားပါသည်။ ဤ MD&A တွင်ပါရှိသော ငွေကြေးပမာဏ အားလုံးကို မြန်မာကျပ်ငွေဖြင့် ဖော်ပြထားသည်။ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်သတ်ကာလ သည် မြန်မာနိုင်ငံ၏ ဘဏ္ဍာနှစ်သစ် အကူးအပြောင်းကာလဖြစ်သည့်အတွက် ဤဆွေးနွေးချက်နှင့် စိစစ် လေ့လာချက်များသည် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာ လ (၃၀) ရက်သတ်၊ (၆) လတာကာလနှင့် ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်သတ်၊ (၁၂) လတာကာလတို့၏ နှိုင်းယှဉ်ချက်များအပေါ် အခြေခံထားခြင်း ဖြစ်သည်။

## ဘဏ်၏ အချက်အလက်များ

မြန်မာနိုင်ငံသားများဘဏ်လီမိတက်သည် ၁၉၉၁ ခုနှစ်၊ စက်တင်ဘာ (၃၀) ရက်နေ့ ရက်စွဲပါ ကုန်သွယ်ရေးဝန်ကြီးဌာန၏ အသိပေးစာအမှတ် ၂၁/၉၁၊ ၁၉၉၁ ခုနှစ်၊ အောက်တိုဘာ (၃၀) ရက်နေ့ ရက်စွဲပါ အဖွဲ့အစည်းတည်ထောင်ခွင့် အသိအမှတ်ပြုလက်မှတ်အမှတ် ၂၇၄/၉၁-၉၂ တို့နှင့်အညီ အများပိုင် ကုမ္ပဏီတစ်ခုနေနှင့် ဖွဲ့စည်းတည်ထောင်ထားပြီး၊ နိုင်ငံတော်၏ လိုင်စင်ရပုဂ္ဂလိကပိုင် ကူးသန်းရောင်းဝယ် ရေးဘ ဏ်တစ်ခု ဖြစ်ပါသည်။ ဘဏ်၏ ခွင့်ပြုမတည်ငွေမှာ ၇၅ ဘီလီယံဖြစ်ပြီး၊ ရှယ်ယာရှင်များမှ မတည် အစုမှာ ၅၂ ဘီလီယံ ဖြစ်သည်။ မြန်မာနိုင်ငံသားများဘဏ်၏ ရုံးချုပ်သည် အမှတ် ၂၅၆/၂၆၀၊ ဆူးလေ ဘုရားလမ်း၊ ကျောက်တံတားမြို့ နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင် တည်ရှိပါသည်။

| မြန်မာနိုင်ငံသားများဘဏ်လီမိတက် | | | | |
|---|---|---|---|---|
| စစ်ဆေးမှုပြုထားပြီးဖြစ်သည့် ဝင်ငွေရှင်းတမ်း အချုပ် (ကျပ်သန်း) | | | | |
| အသေးစိတ်ဖော်ပြချက်များ | ကာလသတ် | | အတက်/(အကျ) | |
| | ၃၀.၀၉.၂၀၁၉ | ၃၀.၀၉ .၂၀၁၈ | ပမာဏ | % |
| Interest Income | ၄၁,၁၉၄ | ၁၅,၈၂၃ | ၂၅,၃၇၁ | ၁၆၀% |
| Interest Expense | (၂၇,၄၈၂) | (၉,၂၅၁) | (၁၈,၂၃၂) | ၁၉၇% |
| **Net Interest Income** | **၁၃,၇၁၁** | **၆,၅၇၃** | ၇.၁၃၉ | ၁၀၉% |
| Other Income | ၆,၀၇၅ | ၃,၉၃၁ | ၂.၁၄၄ | ၅၅% |
| **Total Revenue** | **၁၉,၇၈၆** | **၁၀,၅၀၄** | ၉,၂၈၂ | ၈၈% |
| **Total Expenses** | **၁၅,၄၈၂** | **၅,၅၄၂** | ၉,၉၄၀ | ၁၇၉% |
| **Profit before Income Tax** | **၄,၃၀၄** | **၄,၉၆၁** | **(၆၅၇)** | **-၁၃%** |

| စစ်ဆေးမှုပြုထားပြီးဖြစ်သည့် လက်ကျန်ရှင်းတမ်း အချုပ် | | | | |
|---|---|---|---|---|
| | ကျပ်သန်းပေါင်း | | | |
| အသေးစိတ်ဖော်ပြချက်များ | ကာလသတ် | | အတက်/(အကျ) | |
| | ၃၀.၀၉.၂၀၁၉ | ၃၀.၀၉ .၂၀၁၈ | ပမာဏ | % |
| Cash in Hand & Bank | ၇၈,၀၅၀ | ၆၁,၄၇၅ | ၁၆,၅၇၅ | ၂၇% |
| Loans & Advance | ၃၁၅,၂၉၈ | ၂၃၀,၄၉၆ | ၈၄,၈၀၂ | ၃၇% |
| Investment & T-Bond | ၁၀၃,၇၉၆ | ၅၉,၈၇၁ | ၄၃.၉၂၅ | ၇၃% |
| Property & Equipment | ၁၅,၅၆၉ | ၁၃,၇၅၀ | ၁,၈၁၉ | ၁၃% |
| Intangible Assets | ၃,၄၈၃ | ၃,၅၅၆ | (၇၃) | -၂% |
| Other Assets | ၉,၁၂၁ | ၇,၀၄၀ | ၂,၀၈၁ | ၃၀% |
| **Total Assets** | **၅၂၅,၃၁၈** | **၃၇၆,၁၈၉** | **၁၄၉,၁၂၉** | **၄၀%** |
| **Liabilities** | | | | |
| Deposit from Customer | ၄၃၄,၀၄၅ | ၂၈၃,၂၂၂ | ၁၅၀,၈၂၃ | ၅၃% |
| Other Liabilities | ၁၅,၄၅၂ | ၁၂,၅၄၆ | ၂,၉၀၇ | ၂၃% |
| Borrowings | ၁,၀၀၀ | ၉,၀၀၀ | (၈,၀၀၀) | -၈၉% |
| **Total Liabilities** | **၄၅၀,၄၉၈** | **၃၀၄,၇၆၈** | **၁၄၅,၇၃၀** | **၄၈%** |
| **Equity** | | | | |
| Share Capital | ၅၇,၁၂၅ | ၅၇,၁၂၅ | - | ၀% |
| Reserves | ၁၃,၀၁၅ | ၁၂,၁၆၁ | ၈၅၅ | ၇% |
| Retained earnings | ၄,၆၈၀ | ၂,၁၃၆ | ၂,၅၄၄ | ၁၁၉% |
| **Total equity** | **၇၄,၈၂၀** | **၇၁,၄၂၁** | **၃,၃၉၉** | **၅%** |
| **Total Liabilities & Equity** | **၅၂၅,၃၁၈** | **၃၇၆,၁၈၉** | **၁၄၉,၁၂၉** | **၄၀%** |

* မြန်မာကုမ္ပဏီများဥပဒေ ၂၀၁၇ အရ par value မလိုအပ်သည့်အတွက် Share Capital ပမာဏတွင် share premium ပါ ပေါင်းစပ်ပါဝင် ပါသည်။

**အကျိုးအမြတ်နှင့် လုပ်ငန်းတိုးတက်မှု**

မြန်မာနိုင်ငံသားများဘဏ်သည် အဓိက core banking platform နှင့် ဘဏ်ခွဲတိုးချဲ့ဖွင့်လှစ်မှုများမှ ဖြစ်ပေါ်လာသော တိုးတက်မှုအရှိန်အဟုန်ဖြင့် လွန်ခဲ့သောဘဏ္ဍာနှစ်အတွင်း Loan & Advance တွင် ၃၇% နှင့် Deposit တွင် ၅၃% တို့ဖြင့် core banking လုပ်ဆောင်ချက်များ၌ ခိုင်မာသောတိုးတက်မှုများ ရရှိထားပါသည်။ ဘဏ်လုပ်ငန်းအတွင်း အားသာချက်အဖြစ် ချေးငွေများကို သိသာစွာ ပိုမိုစီစဉ်ပေးအပ်နိုင်ခဲ့ပြီး၊ Non-Performing Ratio ကိုလည်း မျှတသည့် level များအတွင်း မိမိတို့မှ ထိန်းချုပ်ကိုင်တွယ်နိုင်ခဲ့ပါသည်။ ယင်းကာလအတွက် Profit before Tax (PBT) မှာ ၄.၃၀ ဘီလီယံဖြစ်သည်။ လွန်ခဲ့သောဘဏ္ဍာနှစ်အတွင်း ဘဏ်၏ Net Interest Income အား ထိန်းထားနိုင်ခဲ့သော်လည်း၊ ဘဏ်ခွဲကွန်ရက်

တိုးချဲ့မှုနှင့် IT အခြေခံအဆောက်အအုံ ရင်းနီးမြှုပ်နှံမှုများအတွက် ကုန်ကျစရိတ်များကြောင့် PBT လျော့ကျခဲ့သည်။ လွန်ခဲ့သည့်နှစ်အတွင်း Treasury Bills နှင့် Bonds ကဲ့သို့ အစိုးရအာမခံစာချုပ်များတွင် မြှုပ်နှံမှုမှာ ၇၃%ဖြင့် ပိုမိုများပြားလာခဲ့ပြီး၊ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာ (၃၀) ရက်သတ်၌ ချေးယူခြင်းတွင်မူ ကျပ် ၉ ဘီလီယံမှ ၁ ဘီလီယံသို့ ကျဆင်းခဲ့သည်။ အစိုးရအာမခံစာချုပ်များ မှ yield ရန်း နည်းမှုကြောင့် အပ်ငွေပိုင်းတွင် စရိတ်တိုးလာမှုနှင့်အတူ Net Interest Margin များအပေါ်၌ သက်ရောက်မှုများခဲ့သည်။

**Fund Based Income (FBI)**

ဘဏ်၏ ဝင်ငွေအများဆုံးရရှိရာ အရင်းအမြစ်ဖြစ်သည့် အသားတ င်အတိုးဝင်ငွေ (NII) တွင် အခြားဝင်ငွေများ အဖြစ် HP ချေးငွေပမာဏ လွန်စွာတိုးများလာခြင်းကြောင့် Net fee-based income ကျပ် ၆ ဘီလီယံ နှင့် နိုင်ငံခြားငွေကြေးလဲလှယ်မှုမှ ရရှိသော အသားတင်ဝင်ငွေများ ပါဝင်သည်။

**လုပ်ငန်းပိုင်းဆောင်ရွက်မှု အသုံးစရိတ်များ**

ဘဏ်၏ လုပ်ငန်းပိုင်းဆောင်ရွက်မှု အသုံးစရိတ်များအနေနှင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်သတ်၊ ၆ လတာအတွင်း မြန်မာကျပ် ၆ ဘီလီယံရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်သတ်နှစ်အတွင်း ကျပ် ၁၅ ဘီလီယံအထိ မြင့်တက်လာခဲ့သည်။ ဤမြင့်တက်မှုသည် အဓိကအားဖြင့် ဘဏ်ခွဲများပြင်ဆင်ခြင်း၊ တိုးချဲ့ဖွင့်လှစ်ခြင်း၊ core banking စနစ် ပြောင်းလဲအသုံးပြုနိုင်ရန် ကုန်ကျရသော လုပ်ငန်းအသုံးစရိတ်များနှင့် နှစ်စဉ်လစာပေးနှုန်းမြင့်လာခြင်း၊ လုပ်ငန်းပိုင်းဆောင်ရွက်နိုင်ရန် လိုအပ်သည့် ဖွဲ့စည်းမှုပုံစံနှင့်အညီ ဝန်ထမ်းအသစ်များခန့်အပ်ရခြင်းစသည့်ကိစ္စရပ်များအတွက် ကုန်ကျသောအသုံးစရိတ်များကြောင့်ဖြစ်ပါသည်။ ဘဏ်အနေနှင့် အဆိုပါကုန်ကျစရိတ်များကို လုပ်ငန်းတိုးတက်မှု ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် လိုအပ်သည့် ရင်းနီးမြှုပ်နှံမှုများအဖြစ် သတ်မှတ်ပါသည်။ ဝန်ဆောင်မှုပေးသည့် ချန်နယ်များ၊ IT အခြေခံအဆောက်အအုံများတွင် ရင်းနီးမြှုပ်နှံခြင်းနှင့် ဝန်ထမ်းခန့်ထားခြင်းများသည် ဘဏ်တစ်ခုအတွက် ဦးစားပေးဖြစ်၍ တစ်နှစ်တာပြုလုပ်ခဲ့သည့် ရင်းနီးမြှုပ်နှံမှုများဖြင့် မိမိတို့ဘဏ်သည် ဘဏ်လုပ်ငန်းအဖွဲ့အစည်းအတွင်း ယှဉ်ပြိုင်နိုင်စွမ်းရှိသည့် အနေအထားနှင့် ကာလတာတစ်ခုအထိ အရေးပါသည့်ဘဏ်အဖြစ် ရပ်တည်နိုင်မည်ဖြစ်သည်။

**ပြဋ္ဌာန်းချက်များအရ လိုက်နာ၊ အစီရင်ခံခြင်း**

မြန်မာနိုင်ငံသားများဘဏ်အနေနှင့် ဘဏ်တစ်ခု၏တာဝန်ဝတ္တရားဖြစ်သော ပြည်သူတို့၏ငွေကြေးများကို လက်ခံ၍၊ ဆုံးရှုံးမှုမရှိ ထိရောက်စွာလည်ပတ်စေရန် ယုံကြည်စွာ တာဝန်အပ်နှံခံရသည်ကို အလုံးစုံသိရှိနားလည်ထားပါသည်။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်မရှိမဖြစ်လိုအပ်သော ချေးငွေများ၊ ကြိုတင် ပေးငွေများ ဖန်တီးပေးခြင်းအားဖြင့် ယင်းငွေကြေးများ တိုးပွားစေရေးအတွက် မိမိတို့မှ ချင့်မျှော်တွေးဆ၍ လုပ်ကိုင်ဆောင်ရွက်သွားမည်ဖြစ်သည်။ ဘဏ်တစ်ဘဏ်အနေနှင့် customer များ၏ ယုံကြည်မှုရရှိခြင်း သည် ရေရှည်တည်မြဲသောလုပ်ငန်းဖြစ်ရေးတွင် အဓိကအချက်ဖြစ်ပြီး၊ ထိုသို့ယုံကြည်မှုရရှိရန်အတွက် အဓိကအချက်မှာ နိုင်ငံတော်၏ သတ်မှတ်ချက်များ၊ ဥပဒေများအတိုင်း တသွေမတိမ်းလိုက်နာ ဆောင်ရွက် ခြင်းဖြစ်သည်ဟု မိမိတို့မှယူဆပါသည်။ သို့ဖြစ်ပါ၍ ဗဟိုဘဏ်(CBM)မှ ပြဋ္ဌာန်းထားသော သတ်မှတ်ချက်၊ လမ်းညွှန်ချက်များအား အပြည့်အဝ လိုက်နာဆောင်ရွက်ပါကြောင်း

မိမိတို့ဘဏ်မှ ဂုဏ်ယူစွာ တင်ပြလို ပါသည်။ CBM ၏ အနည်းဆုံးသတ်မှတ်စံနှုန်းများအပေါ် မိမိတို့ဘဏ်မှ လုံလောက်သောနှုန်းထားများဖြင့် ထိန်းသိမ်းဆောင်ရွက်နိုင်ခဲ့ခြင်းဖြင့် အကျိုးအမြတ်ဖြစ်ထွန်းသော၊ ငွေဖြစ်လွယ်သော၊ ကြွေးကင်းသော၊ မတည်ရင်းနှီးမှုခိုင်မာသော၊ အနာဂတ်တွင်တိုးတက်မှုဖြစ်ထွန်းသော ဘဏ်တစ်ဘဏ်အဖြစ် သရုပ်ထင်ရှား စေမည် ဖြစ်ပါသည်။

| သတ်မှတ်အချိုးများ | သတ်မှတ်စံနှုန်းများ | မြန်မာနိုင်ငံသားများဘဏ် |
|---|---|---|
| Reserve Ratio | ၅% အထက် | ၇% |
| Liquidity Ratio | ၂၀% အထက် | ၃၅.၂၈% |
| Capital Adequacy - Tier I | အနည်းဆုံး ၄% | ၁၆% |
| Capital Adequacy - Total | အနည်းဆုံး ၈% | ၁၉% |
| Non-Performing Loans | ၅% အောက် | ၄.၉၂% |

**Performance Indicator များ**

၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀)ရက်သတ်ကာလအတွက် တင်ပြခဲ့မှုနှင့်နှိုင်းယှဉ်ပါက ၂၀၂၀ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်သတ်နှစ်အတွက် အမြတ်နှင့်ရပိုင်ခွင့်များ (ROA%)အား ဘဏ်မှ ဆက်လက်ထိန်းထားနိုင်ခဲ့သည်။ ပိုင်ဆိုင်မှုများအပေါ်ရန်နှုံးအချိုး (ROE%) မှာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်သတ်တွင် ၅.၅၆% ရှိခဲ့ရာမှာ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်သတ်တွင် ၅.၆၄% သို့ အနည်းငယ် တိုးတက်ခဲ့ပါသည်။ Cost to Income အချိုးအနေနှင့် ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်သတ်တွင် ၅၄.၃၄%မှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်သတ်တွင် ၆၉.၆၂% သို့ သိသိသာသာ တိုးမြင့်ခဲ့သည်။ ယင်းသို့တိုးမြင့်ရခြင်း၏ အကြောင်းအရင်းများအား အထက်ပါ လုပ်ငန်းပိုင်းဆောင်ရွက်မှု အသုံးစရိတ်များခေါင်းစဉ်အောက်တွင် ဆွေးနွေးဖော်ပြပြီးဖြစ်ပါသည်။ ရလဒ်အဖြစ် ရှယ်ယာတစ်ခုစီ၏ ဝင်ငွေမှာ ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်သတ်ကာလတွင် ကျပ် ၃၆၆ ရှိခဲ့ရာမှ ၂၀၁၉ ခုနှစ်၊ စက်တင်ဘာလ (၃၀) ရက်သတ်ဘဏ္ဍာနှစ်တွင် ကျပ် ၃၂၉ အဖြစ် ပိုနည်းခဲ့ပါသည်။

**ဘဏ်ခွဲများ ဖွင့်လှစ်ခြင်း**

မြန်မာနိုင်ငံသားများဘဏ်အနေနှင့် မိမိတို့၏ customer များအား ပိုမိုကောင်းမွန်စွာ ဝန်ဆောင်နိုင် စေရေးအတွက် ၎င်းတို့မှချိတ်ဆက်နိုင်သည့်ဘဏ်ခွဲကွန်ရက်အား ပိုမိုတိုးချဲ့ရန်လိုအပ်သည်ကို သိရှိထား သည်နှင့်အညီ ဘဏ်ခွဲများနှင့် ဝန်ဆောင်မှုချန်နယ်များအား နိုင်ငံတနံတလျား အသင့်ဆုံးအနေအထားဖြင့် လုပ်ကိုင်နိုင်စေရေးအား အလေးထားဆောင်ရွက်သွားမည် ဖြစ်ပါသည်။ ဘဏ်၏ ရေရှည်ဗျူဟာမြောက် ဦးတည်ချက်များပြည့်မီစေနိုင်သည့် နည်းပညာဆိုင်ရာချဉ်းကပ်မှုမှတဆင့် ဘဏ်ခွဲနေရာများအား ရွေးချယ် သွားပါမည်။ ဤချဉ်းကပ်မှုအားဖြင့် မိမိတို့ဘဏ်သည် နိုင်ငံ၏စီးပွားရေးနှင့် customer များအတွက် ပိုမို ကောင်းမွန်စွာ ဝန်ဆောင်ပေးနိုင်သည့် ရေရှည်တည်တံ့သော ကြားခံငွေကြေးအဖွဲ့အစည်းတစ်ရပ်အဖြစ်

စွမ်းဆောင်နိုင်မည်ဟု မိမိတို့မှ ယုံကြည်ပါသည်။ ၂၀၁၈ ခုနှစ်အကုန်တွင် ဘဏ်ခွဲကွန်ရက်ပေါင်း ၃၃ ခု အထိ တိုးချဲ့ဖွင့်လှစ်နိုင်ခဲ့ပြီး၊ ၂၀၁၉ ခုနှစ်အကုန်တွင် ၄၄ ခုအထိ ထပ်မံတိုးချဲ့နိုင်ခဲ့ပါသည်။

## Core Banking အကောင်အထည်ဖော် ဆောင်ရွက်ခြင်း

နိုင်ငံတကာနှင့် ပြည်တွင်းဘဏ်လုပ်ငန်းအတွင်း ခေတ်မီနည်းပညာများ တိုးတက်သုံးစွဲလာမှုနှင့် အတူ မြန်မာနိုင်ငံသားများဘဏ်မှလည်း ၂၀၁၈ ခုနှစ်တွင် Core Banking စနစ်သစ်အား စတင် အကောင် အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။ ယင်းသို့ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် အခက်အခဲများ ရှိခဲ့သော်လည်း ၂၀၁၈ ခုနှစ်၊ စက်တင်ဘာလတွင် မိမိတို့ဘဏ်သည် Core Banking စနစ်သစ်သို့ ပြောင်းလဲနိုင်ခဲ့သည်။ မိမိတို့ဘဏ်အနေနှင့် customer များ၏ လိုအပ်ချက်များအား ပိုမိုကောင်းမွန်၍ အဆင်ပြေလွယ်ကူသော ဝန်ဆောင်မှုများ၊ product များဖြင့် ပိုမိုမြန်ဆန်စွာ တုံ့ပြန်ဆောင်ရွက်ပေးနိုင်ခြင်း၊ လူအားဖြင့်ဆောင်ရွက်ရသည့် လုပ်ငန်းစဉ်များအားလျော့ချ၍ ပိုမိုထိရောက်စွာ၊ ကုန်ကျစရိတ်နှင့်ထိုက်တန် စွာ ဆောင်ရွက်နိုင်ခြင်း၊ အခြား customer ဝန်ဆောင်မှုချန်နယ်များကိုလည်း လက်တွေ့အကောင်အထည် ဖော်နိုင်ခြင်းများ ရှိလာခဲ့သည်။ အစဉ်တိုးတက်နေသော နည်းပညာအသုံးပြု လူ့အဖွဲ့အစည်းတွင် Core Banking စနစ်နှင့် အခြားဒီဂျစ်တယ်ချန်နယ်များကြောင့် မိမိတို့ဘဏ်အနေနှင့် အနာဂါတ်ဘဏ်လုပ်ငန်းတွင် လျော်ကန်သော၊ ယှဉ်ပြိုင်နိုင်စွမ်းရှိသော ဘဏ်တစ်ဘဏ်အဖြစ် လုပ်ကိုင်နိုင်မည်ဖြစ်သည်။ ယင်းမှတဆင့် ဘဏ်ဝန်ဆောင်မှု ရယူထားခြင်းမရှိသေးသော နိုင်ငံအတွင်းရှိ များစွာသောနိုင်ငံသားများအနက်မှ မိမိတို့ ဘဏ်အတွက် customer အသစ်များ ရရှိလာမည်ဖြစ်ပါသည်။

## ဒီဂျစ်တယ်နည်းပညာ အသုံးပြုမှုများ

Customer များအနေနှင့် ဘဏ်ဝန်ဆောင်မှုများကို ပိုမိုလွယ်ကူ၊ မြန်ဆန်စွာ ရရှိနိုင်စေရေးအတွက် အပြောင်းအလဲပြုရန်လိုအပ်သည်ကို မိမိတို့ဘဏ်မှသိရှိပြီးဖြစ်ပါသည်။ လွန်ခဲ့သည့် ၂ နှစ်အတွင်း နိုင်ငံအနှံ့ mobile wallet အသစ်များ တိုးချဲ့နိုင်ခဲ့မှုကြောင့် မိမိတို့၏customer များအား ပုံမှန်အတိုင်း ဘဏ်ခွဲများထံ လာရောက်စေခြင်းထက် မိုဘိုင်းဘဏ်လုပ်ငန်းအား ပိုမိုအားထားလာစေရန် လမ်းဖောက်ပေးနိုင်ခဲ့ပါသည်။ မြန်မာနိုင်ငံသားများဘဏ်သည် ဘဏ်လုပ်ငန်းဝန်ဆောင်မှုများအား customer များ အဆင်ပြေ၊ လုံခြုံစွာ သုံးစွဲနိုင်စေရေးအတွက် ဆော့ဖ်ဝဲကုမ္ပဏီတစ်ခုဖြစ်သော Temenos နှင့်ချိတ်ဆက်၍ ချန်နယ်စုံ မိုဘိုင်းနှင့် အင်တာနက်ဘဏ်ဝန်ဆောင်မှုကို စီစဉ်ခဲ့ပါသည်။ မိ
မိုဘိုင်းဘဏ်လုပ်ငန်းဝန်ဆောင်မှုအား ၂၀၂၀ နှစ်လယ် ပိုင်းတွင် စတင်သုံးစွဲနိုင်တော့မည် ဖြစ်ပါသည်။

# MANAGEMENT'S DISCUSSION AND ANALYSIS OF THE FINANCIAL CONDITION AND RESULTS OF OPERATIONS FOR THE YEAR ENDED 30 September 2019

## MANAGEMENT DISCUSSION AND ANALYSIS (MD & A)

The following Management Discussion and Analysis of the Financial Position and Results of Operations ("MD&A") of Myanmar Citizens Bank Limited Plc (the "Company" or "MCB") should be read in conjunction with the audited financial statements for year ended 30th September 2019. Additional information relating to the Company, including the Company's six-month audited financial statements ended 30th September 2018 which was the transition period of the change in the new budget year. These financial statements were prepared in accordance with Myanmar Accounting Standard (MAS). All amounts in this MD&A are expressed in Myanmar Kyats. As the period ended 30 Sep 2018 was the transition period for the changing of the financial year in Myanmar, this management discussion and analysis is based on the comparison between six-month period ended 30 Sep 2018 and the twelve months for the year ended 30 Sep 2019.

## CORPORATE INFORMATION

The Myanmar Citizens Bank Limited was incorporated as a public company limited by shares, as per Notifications No.21/91 of the Ministry of Commerce (Ministry of Trade) dated 30th September, 1991 and the Certificate of Incorporation No 274/91-92 dated 30th October ,1991. MCB is a licensed Commercial Bank of Myanmar. Authorized Capital of MCB is 75 Billion Kyats and its paid-up capital is 52 Billion Kyats and registered office is at No. 256/260, Sule pagoda Road, Kyauktada township, Yangon.

| Myanmar Citizens Bank Public Co., Ltd | | | | |
|---|---|---|---|---|
| Condensed Statement of Profit or Loss (MMK in Millions) | | | | |
| Details | For the Period Ended | | Increase/(Decrease) | |
| | 30-Sep-19 | 30-Sep-18 | Amount | % |
| Interest Income | 41,194 | 15,823 | 25,371 | 160% |
| Interest Expense | (27,482) | (9,251) | (18,232) | 197% |
| **Net Interest Income** | **13,711** | **6,573** | 7,139 | 109% |
| Other Income | 6,075 | 3,931 | 2,144 | 55% |
| **Total Income** | **19,786** | **10,504** | 9,282 | 88% |
| **Total Expense** | **15,482** | **5,542** | 9,940 | 179% |
| **Profit Before Income Tax** | **4,304** | **4,961** | **(657)** | **-13%** |

| Condensed Statement of Financial Position | | | | |
|---|---|---|---|---|
| **Details** | **As of Period Ended** | | **Increase/(Decrease)** | |
| | **30-Sep-19** | **30-Sep-18** | **Amount** | **%** |
| Cash in Hand & Bank | 78,050 | 61,475 | 16,575 | 27% |
| Loans & Advances | 315,298 | 230,496 | 84,802 | 37% |
| Investment & T-Bond | 103,796 | 59,871 | 43,925 | 73% |
| Property & Equipment | 15,569 | 13,750 | 1,819 | 13% |
| Intangible Assets | 3,483 | 3,556 | (73) | -2% |
| Other Assets | 9,121 | 7,040 | 2,081 | 30% |
| **Total Assets** | **525,318** | **376,189** | **149,129** | **40%** |
| **Liabilities** | | | | |
| Deposit from Customer | 434,045 | 283,222 | 150,823 | 53% |
| Other Liabilities | 15,452 | 12,546 | 2,907 | 23% |
| Borrowings | 1,000 | 9,000 | (8,000) | -89% |
| **Total Liabilities** | **450,498** | **304,768** | **145,730** | **48%** |
| **Equity** | | | | |
| Share Capital | 57,125 | 57,125 | - | 0% |
| Reserves | 13,015 | 12,161 | 855 | 7% |
| Retained earnings | 4,680 | 2,136 | 2,544 | 119% |
| **Total Equity** | **74,820** | **71,421** | **3,399** | **5%** |
| **Total Liabilities & Equity** | **525,318** | **376,189** | **149,129** | **40%** |

*Share Capital Amount includes share premium as no par value is required as per Myanmar Companies law 2017

**Profitability & Business Growth**

Continuing its growth momentum powered by branch expansion plan & introduction of main core banking platform, Myanmar Citizen Bank posted significant growth in its core banking operations reflecting a 37% growth in Loans & advance and 53% growth in deposits during the last financial year. While the bank achieved a significant growth in the lending assets which outpaced the industry, we were able to control the Non-Performing Ratio within acceptable levels. Profit before tax (PBT) for the period was Ks-4.30 Bn. While the bank maintained its Net Interest Income during the last financial year, the PBT had reduced due to the increase in operating cost with the expansion in the branch network and the amortization of investments in the IT infrastructure. The investment in government securities such as treasury bills and bonds rapidly grew during the last year by increasing 73% and borrowings decreased from Ks-9 Bn to Ks-1 Bn at year ended 30 Sep 2019. The lower yields from the Government Securities had put pressure on the Net Interest Margins along with the increased cost in the deposit base.

**Fund Based Income (FBI)**

Net Interest Income (NII), the Bank's primary source of income registered marginal growth, Other income consisted of Net fee-based income which was Ks-6 Bn, mainly driven by the aggressive growth in the hire purchase book and net income from foreign currency translation.

**Operating Expenses**

Operating expenses of the Bank which stood at Ks-6 Bn during the six-month ending 30 Sep 2018, increased to Ks-15 Bn during the year ended 30 Sep 2019. This increase was mainly due to increase in branch renovation and branch expansion related expenses, operational expenses related to new core banking system and personnel expenses triggered by annual salary increments and new hires for critical vacancies in the organizational structure needed to operate the business. The bank considers these expenses are the necessary investments which would enable the bank to achieving long-term sustainable business growth. The investments in the delivery channels, IT Infrastructure and Human Capital has been a priority of the bank and with the investments made during the year the bank would be in a competitive position within the Banking Industry and be a significant player in the medium term.

**Compliance of Statutory Reporting**

At MCB, we are fully aware our responsibility as a bank, entrusted with the fiduciary duty of accepting and deploying public funds in a safe manner. We undertake to leverage such funds in a prudent manner by creating loans and advances which is essential for the development of the country. As a bank we consider earning the Trust of our customers a vital component for sustainable business and one key aspect with earning trust is to be a bank which is fully compliant with regulations and laws of the country. The bank is proud to state that we are in full compliance with the regulations and directives stipulated by Central Bank of Myanmar (CBM). The bank was able to maintain sufficient buffers over the minimum standards stipulated by CBM, which demonstrates a bank which is profitable, liquid, solvent and sufficiently capitalized and have a leeway to grow in the future.

| **Regulatory Ratio** | **Regulatory Standard** | **MCB** |
|---|---|---|
| Reserve Ratio | Above 5% | 7% |
| Liquidity Ratio | Above 20% | 35.28% |
| Capital Adequacy- Tier I | Minimum 4% | 16% |
| Capital Adequacy- Total | Minimum 8% | 19% |
| Non-Performing Loans | Below 5% | 4.92% |

**Performance Indicators**

The bank was able to maintain the Return on average assets (ROA%) for the year ended 30 Sep 2019 compared to the previous reporting period ended 30 Sep 2018. Return on equity (ROE%) was 5.64% for the period ended 30 Sep 2019 increasing marginally from 5.56% in 30 Sep 2018. There was a significant increase in the Cost to income ratio which increased to 69.62% for the period ended 30 Sep 2019 from 54.34% in the period ended 30 Sep 2018. The reasons for the increase in Cost to Income ratio has been discussed in the previous section under Operating Expenses. This resulted in lower earnings per share in the financial year ended 30 Sep 2019 down to Ks-329 per share comparing with Ks-366 per share in reporting period ended 30 Sep 2018.

**Branch Expansion**

While MCB recognizes the fact that to serve our customers better we need an expanded branch network as a customer touch/ service point, we would emphasis on having the right mix of branches and other delivery channels to optimize our reach across the country. Branches locations would be selected through a methodological approach which would complement the long-term strategic objectives of the bank. We feel that this approach towards Branch locations would enable the Bank to be a sustainable financial intermediary better serving our customers and overall economy of the country. By end of 2018, we had increased our physical branch network to 33 branches and by end of 2019, we gradually increased to 44 branches.

**Core Banking Implementation**

With ever evolving technological advancements in the banking industry both globally and locally, MCB commenced on implementing a new Core Banking system in 2018. While the implementation had certain issues, the bank migrated to the new Core Banking system in Sep 2018. This would enable the bank to respond to customer needs in a much faster pace by providing convenience and better served products and services, reduce redundant manual operational procedures leading to much more efficient and cost effective, and allow other channels of serving customers a reality. In an ever evolving and tech savvy society, the Core Banking System and other digital channels would help the bank be a relevant and a competitive player in the industry in the future. This would further enable the bank to acquire new customers by tapping in to the mass unbanked population in Myanmar.

**Digital Banking**

MCB acknowledges the change in consumer needs for easier and faster access to banking services and the number of new mobile wallets in Myanmar over the last two years have paved the way for consumers to rely more on mobile banking than traditional branch banking.  MCB has engaged its Core Banking System software company, Temenos to provide an omni-channel mobile and internet banking solution to serve its base of customers as a secured and convenient way of banking with MCB. The mobile banking solution will be made available in the first half of 2020.